မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# မကွေးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း နည်းဥပဒေများ

၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ( ၄ ) ရက်

**(အမိန့်ကြော်ငြာစာအမှတ်၊၃၆/၂၀၁၇)**

**၁၃၇၉ခုနှစ် ဝါဆိုလဆန်း (၁၁)ရက်**

**(၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၄)ရက်)**

## နိဒါန်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၆၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေများဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကို ဆိုသည်။

(ခ) **တင်ဒါငါးဖမ်းကွက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်း ရေပြင်တွင် တင်ဒါလိုင်စင် ချထား၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ပြုသည့် ငါးဖမ်းကွက် ကိုဆိုသည်။

(ဂ) **အခိုင်အမာအတားအဆီး**ဆိုသည်မှာသဘာဝအလျောက်ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ်ငန်းရေပြင်တွင်ရေစီးရေလာအဟန့်အတားဖြစ်စေရန်လူတို့ကအခိုင်အမာ ပြုလုပ်ထားသော အတားအဆီး တစ်ခုခုကိုဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့်ပုံစံ ကိုဆိုသည်။

## အခန်း (၂)

## အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလ(တန်ခူးလ)အတွင်းတွင် စတင်ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင်ရောင်းချနိုင်ရန်အောက်ပါပုဂ္ဂိုလ်များပါဝင်သောဂရန်အင်းများ လေလံတင် ရောင်းခရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး | ဥက္ကဋ္ဌ |
| (၂) | ဂရန်အင်းတည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးဦးစီးဌာနမှူး က တာဝန်ပေးအပ်ခြင်းခံရသည့်ဝန်ထမ်းတစ်ဦး | အဖွဲ့ဝင် |

(ခ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသောဂရန်အင်းများလေလံတင်ရောင်းချရေး အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို တစ်နှစ်ကာလ အတွက် ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က လေလံတင် ရောင်းချမည့် အစီအစဉ် ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက ဂရန်အင်း လေလံ တင် ရောင်းချမည့် ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ လေလံ ကြော်ငြာ <u>ပုံစံ (၁)</u> ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချပါက ဂရန်အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီအနည်းဆုံး၁၅ရက် ကြိုတင်၍ လေလံ ကြော်ငြာ <u>ပုံစံ (၁)</u> ဖြင့် မြို့နယ်အတွင်း ကြေညာရမည် -

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃)　နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းလေလံ ဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ ပုံစံ(၂) တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၂) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ရမည် -

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့်သုံးနှစ်အတွင်းရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရဖူးသူ မဟုတ်ခြင်း။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ ပုံစံ (၂) ကို နည်းဥပဒေ ၇ အရစိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူး ထံ ဆက်လက်တင်ပြရမည် -

(က) လျှောက်လွှာကိုငြင်းပယ်လျှင်ယင်းသို့ငြင်းပယ်သည့်ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကိုလက်ခံလျှင်ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ။

၉။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၈ အရ တင်ပြလာသော လျှောက်လွှာ ကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံးတစ်ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိ လျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့် ရှိသည်။

(ခ) မိမိလျှောက်ထားသည့်ဂရန်အင်းအတွက် လေလံဝင်ရောက် ဆွဲဝယ်မှုမရှိလျှင်သော်လည်းကောင်း၊ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ သတ်မှတ်သည့် လေလံကြေးငွေများကို တင်ပြမှုမရှိလျှင် သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း သုံးနှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်း ခံရမည်။

၁၂။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင် ရောင်းချခြင်း မပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ ဂရန်အင်းတစ်ခုစီ အတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ် ပေးရမည် -

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်ပျမ်းမျှဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်းရှိ မရှိ။

၁၃။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချ ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင် ရောင်းချ ခြင်း အမှုတွဲ ပုံစံ (၄) ဖွင့်လှစ် ထားရှိခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားမည့် အင်းဖြစ်ပါကအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ၊ရောင်းချမည့် ဂရန်အင်း တစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဃ) ဂရန်အင်း လေလံတင် ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ယူခွင့်ရရှိသူတစ်ဦးဦးကိုသော်လည်းကောင်း၊ဈေးနှုန်း ပေးထားခြင်း ကို သော်လည်းကောင်း အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ငြင်းပယ်ခြင်းသို့မဟုတ်တားမြစ်ခြင်းပြုသည့်ကျိုးကြောင်း ဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူများအား ဂရန်အင်းများ လေလံတင် ရောင်းချရေး အဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကို တင်ပြပြီးမှသာ လေလံဆွဲ ဝယ်ခွင့်ပြုခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေးထက်များစွာကျော်လွန်ပြီးဈေးနှုန်းပေးပါကလေလံဆွဲဝယ်ခွင့်ရရှိသူများကိုသတိပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ထိုသို့ရပ်ဆိုင်းပြီးနောက်နေ့ချင်း ပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင်အပြိုင်အဆိုင်ဆက်လက်ဆွဲဝယ်နေပါကဂရန်အင်းလေလံတင် ရောင်းချခြင်းကိုရပ်ဆိုင်း၍ယင်းနေ့တွင်အိတ်ဖွင့်တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်းလေလံတင်ရောင်းချရာတွင်ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲဝယ်ခွင့်ရရှိသူအားလေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့်ဂရန်အင်းကို ဒုတိယအကြိမ် ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကလေလံဆွဲဝယ်သည့်ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင် ရောင်းချသည့်နေ့မှ ခုနစ်ရက်အတွင်း မျဉ်းသားချက် လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသောခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဋ) လေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ရှေ့သို့ တင်ပြသည့် ငွေများကို သက်ဆိုင်ရာဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဌ) လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဍ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကိုဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လေလံကြေးငွေများကို သေတ္တာထဲတွင် ထည့်၍လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံးဘဏ်ဖွင့်ရက်တွင်ဘဏ်သို့ ပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဎ) လေလံဆွဲဝယ်ယူရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်းလေလံတင် ရောင်းချသည့်ဈေးနှုန်းကိုရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင်တွဲထားခြင်း။

၁၄။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိဂရန်အင်းများလေလံရောင်းချခြင်း ပြီးသည့်အခါ ဂရန်အင်းလေလံတင် ရောင်းချခြင်း ပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅)တွင် ပြည့်စုံစွာရေးသွင်း၍ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက် ရယူနိုင်ရန် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လေလံဆွဲဝယ် သည့်နေ့မှ ၁၅ရက် အတွင်း အငှားဂရန် ပုံစံ(၆)ကို လေလံဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကိုတိုင်းဒေသကြီး ဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူ၍ ဂရန်အင်းတစ်ခုတည်း အနေဖြင့် သတ်မှတ်၍ ရောင်းချရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိဂရန်အင်းများကို သုံးကြိမ်ထိ လေလံတင် ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်း ဈေးမမီပါက ကျိုးကြောင်းဖော်ပြလျက် တိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြ၍ အတည်ပြုချက်ရရှိပါက အဆိုပါ ဂရန်အင်းကို ချိတ်ပိတ်တင်ဒါ စနစ်ဖြင့် ရောင်းချရမည်။

(ဂ) အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် ယင်းဂရန်အင်းကို လေလံထပ်မံမပစ်ဘဲ ဂရန်အင်းနှင့် ဆက်စပ်လျက် ရှိသော အောက်ပိုင်းရှိ အငှားဂရန်ရရှိသူအား သတ်မှတ်ဈေးကိုပေးသွင်းစေပြီး တိုင်းဒေသကြီးဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ဃ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူတိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြရမည်။

## အခန်း(၃)

## နှစ်ရှည် အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၆။ (က) မြို့နယ်ဦးစီးဌာနမှူးသည်ဂရန်အင်းတစ်ခုခုကိုနှစ်ရှည်အငှားဂရန်အဖြစ်သတ်မှတ်သင့်သည်ဟုသဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည်အငှားဂရန်လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီးကျိုးကြောင်းဖော်ပြလျက်ခရိုင်ဦးစီးဌာနမှူးထံတင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည်အပိုဒ်ခွဲ(က)အရမြို့နယ်ဦးစီးဌာနမှူး၏တင်ပြချက်အပေါ် စိစစ်ပြီးသဘောထားမှတ်ချက်နှင့်အတူတိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြရမည်။

၁၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန်လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍စိစစ်ပြီး အစိုးရအဖွဲ့ထံတင်ပြရမည် -

(က) ဂရန်အင်းကိုပျက်စီးတိမ်ကောခြင်းမှကာကွယ်ထိန်းသိမ်းရန်လိုအပ်ခြင်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း၏ လွန်ခဲ့သောငါးနှစ်က အင်းခွန်နှုန်းထားများတည်ငြိမ်မှုရှိခြင်း၊

(ဂ) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေ ရှိခြင်း။

၁၈။ (က) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နှစ်ရှည်အငှားဂရန်ကို ခွင့်ပြုလျှင် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က) အရ တိုင်းဒေသကြီးဦးစီး ဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အငှားဂရန် <u>ပုံစံ(၆)</u>ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နိုင်ငံတော်၏အကျိုးငှာလိုအပ်ပါက နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်းကို ငြင်းပယ်ပြီး ယင်းဂရန်အင်းကို နှစ်ရှည်အငှားဂရန် ချထားမည်ဟု သတ်မှတ်ကြေညာ၍ ဈေးပြိုင်စနစ်ဖြင့် နှစ်ရှည်အငှားဂရန် ချထားနိုင်သည်။

၁၉။ တိုင်းဒေသကြီးဦးစီးမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်အခါ အောက်ပါ အချက်များကို သတ်မှတ်ပေးရမည် -

(က) အငှားဂရန်ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ပြုပြင်ရမည့်အချိန်၊ကာလ၊နေရာနှင့် ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေး ရမည့် ဂရန်အင်း တန်ဖိုးငွေ ရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ။

## အခန်း(၄)

## တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိတင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင်ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တင်ဒါလိုင်စင်ချထားရေး အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) တင်ဒါငါးဖမ်းကွက်တည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်

(၃) တိုင်းဒေသကြီးဦးစီးဌာနမှူးက တာဝန်ပေးအပ်ခြင်းခံရသည့်ဝန်ထမ်းတစ်ဦး အဖွဲ့ဝင်

(ခ) အပိုဒ်ခွဲ(က)အရဖွဲ့စည်းသောတင်ဒါလိုင်စင်ချထားရေးအဖွဲ့ကိုလိုအပ်ပါကပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၂၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တစ်နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံတင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့်ရက်မတိုင်မီ ရက်ပေါင်း၃၀ကြိုတင်၍တင်ဒါကြော်ငြာပုံစံ(၇)ဖြင့်မြို့နယ်အတွင်းကြေညာရမည်။

(ဂ) တင်ဒါငါးဖမ်းကွက် အသစ်တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်ဧရိယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန်ရှိမရှိ တင်ဒါကြော်ငြာသည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင် ကြေညာရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးထံတင်ပြ၍ အဆုံးအဖြတ် ရယူရမည်။

(င) နည်းဥပဒေခွဲ(ဃ)အရ ခရိုင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက် အသစ်ကို တင်ဒါလိုင်စင် ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း၃၀ ကြိုတင်၍ တင်ဒါ ကြော်ငြာပုံစံ(၇)ဖြင့် မြို့နယ်အတွင်းကြေညာ ရမည်။

၂၂။ တင်ဒါငါးဖမ်းကွက် တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာပုံစံ(၈)တွင် အချက်အလက်များကိုပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာပုံစံ(၈) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ရမည် -

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သောသုံးနှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရဖူးသူ မဟုတ်ခြင်း။

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည်တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို နည်းဥပဒေ၂၃အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည် -

(က) လျှောက်လွှာကိုငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့်ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကိုလက်ခံလျှင်တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ၊

၂၅။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ၂၄အရတင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါကတင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၉) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီအကြောင်းကြားရမည်။

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၉)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ အနည်းဆုံး တစ်ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၇။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသာလျှင် မိမိလျှောက်ထားသည့်တင်ဒါငါးဖမ်းကွက်အတွက် တင်ဒါဆွဲဝယ်ခွင့်ရှိသည်။

၂၈။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည်တင်ဒါလိုင်စင်ချထားခြင်းမပြုမီအောက်ပါအချက်များ အပေါ်အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည် -

(က) အငှားချထားသည့်တင်ဒါငါးဖမ်းကွက်၏လွန်ခဲ့သောငါးနှစ်ပျမ်းမျှဈေးနှုန်း၊

(ခ) အငှားချ ထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိ အခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်းရှိ မရှိ။

၂၉။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် မိမိ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်း တို့ကို ရေးသွင်း၍ စာအိတ်အတွင်း ထည့်သွင်းပြီး တင်ဒါလိုင်စင်ချ ထားမည့် နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည် ခေါ်သည့် အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ထံ ကိုယ်တိုင်တင်သွင်းရမည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက် ရောင်းချခြင်း အမှုတွဲ <u>ပုံစံ (၁၀)</u> ဖွင့်လှစ်ထားခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင် ချထားမည့် တင်ဒါငါးဖမ်းကွက် သတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကိုကြေညာထားသည့်အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ယူထားသူ ဦးရေနှင့် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင် စစ်ဆေးခြင်း၊

(င) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့ တင်သွင်းသည့် တင်ဒါဈေးနှုန်းငွေပမာဏကို တင်ဒါလိုင်စင်ချထားရေး အဖွဲ့ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(စ) လုံလောက်သောအကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူတစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီးတိုင်းဒေသကြီး ဦးစီးဌာနမှူးထံတင်ပြခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းသူများအမည်နှင့် ပေးထားသည့်ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများ အား ပြသခြင်း၊

(ဇ) တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက တင်ဒါဆွဲဝယ်ရရှိသူအားလုံးကိုဈေးနှုန်း ထပ်မံ တိုးမြှင့် ပေးရန် ယင်းနေ့တွင်ပင် ချိတ်ပိတ် တင်ဒါတင်သွင်းစေခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်းထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံး ပေးသူ အား တင်ဒါလိုင်စင်ချထားခြင်း၊

(ည) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့သို့ တင်ပြသည့် တင်ဒါကြေး များကိုသက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဋ) တင်ဒါကြေးကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက် ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကိုဘဏ်သို့နေ့ချင်းပြီး ပေးသွင်း နိုင်ခြင်းမရှိပါက တင်ဒါကြေးကို သေတ္တာထဲတွင်ထည့်၍ လုံခြုံစွာ သော့ခတ် ချိတ်ပိတ်ပြီး တင်ဒါလိုင်စင် ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးကလက်မှတ် ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံး ဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ ပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဍ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား သုံးကြိမ်ထိ ချိတ်ပိတ် တင်ဒါတင်သွင်းစေခြင်း၊

(ဎ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း သုံးကြိမ်ထိထပ်မံတူညီနေပါက ဈေးပြိုင်စနစ် ကို ကျင့်သုံးခြင်း၊

(ဏ) တင်ဒါဝယ်ယူရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထား သည့်တင်ဒါဈေးနှုန်းကိုရေးသွင်း၍တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်း မမီကြောင်းရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကိုတင်ဒါလိုင်စင် ချထား ခြင်းပြီးသည့်အခါတင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်း တင်ပြစာပုံစံ(၁၁) တွင်

ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါလိုင်စင် ချထားသည့်နေ့မှ ရက်ပေါင်း၃၀အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေပေးသွင်းစေပြီး တင်ဒါလိုင်စင် ပုံစံ(၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၃၂။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက ကျိုးကြောင်းဖော်ပြလျက် တိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြပြီး ညွှန်ကြားချက်နှင့်အညီ အဆိုပါ တင်ဒါငါးဖမ်းကွက်များကို ထပ်မံတင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍မရနိုင်သော တင်ဒါငါးဖမ်းကွက်များကိုပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန်မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

## အခန်း (၅)
## ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၃။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသောမြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေညာသည့်နေ့မှရက်ပေါင်း၃၀အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဝါခေါင်လပြည့်ကျော်၁၀ရက်နေ့တွင် ကြော်ငြာစာ ထုတ်ရမည်။

၃၄။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင် လိုသူသည် ငါးဖမ်းကိရိယာလိုင်စင်ရရှိရန် နည်းဥပဒေ၃၃အရ သတ်မှတ်သည့်ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ ပုံစံ(၁၃)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၅။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ကြော်ငြာစာတွင်ဖော်ပြထားသည့် သက်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထားသူများ၏ စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူစာရင်း ပုံစံ(၁၄)ဖြင့် ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင်ယခင်နှစ်ကငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများ ပါဝင်ခြင်းရှိမရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစားအတိုင်းအတာမှန်မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်းမရှိဘဲလုပ်ကိုင်နေသူများရှိမရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုံစံ(၁၄)စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာလိုင်စင် ပုံစံ(၁၅)ကို ထုတ်ပေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရလိုင်စင်ထုတ်ပေးထားသူများ အမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများ စာရင်းပုံစံ(၁၆)ဖြင့် လစဉ်ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီ ပေးပို့ပြီးကျန် တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ၃၆နည်းဥပဒေခွဲ(က)အရ ငါးဖမ်းကိရိယာလိုင်စင်ခကောက်ခံရာတွင်-

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက်သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားနှင့် အကျုံးမဝင်သောငါးဖမ်းကိရိယာကိုအနီးစပ်ဆုံးတူညီသည့်ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲ အသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်းကိရိယာ နှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာ လိုင်စင်ခ များကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာသို့ ပေးသွင်းရမည်။

၃၈။ ဦးစီးဌာနသည် ၅/-၊၁၀/-၊၅၀/-၊ ၁၀၀/-၊ ၂၀၀/-၊ ၅၀၀/- စသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာ လိုင်စင်ပုံစံ (၁၅) ကို အသုံးပြုရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ၃၈အရ လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခ တန်ဖိုးငွေ ပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရလိုင်စင်ပုံစံကိုတစ်ခုထက်ပို၍အသုံးပြုပါကပူးတွဲ ထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင်တန်ဖိုးကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာ အမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာအမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံကောက်ခံရမည်။

၄၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစား အလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအားထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင် ကို ခရိုင်ဦးစီးဌာနမှူးထံပေးပို့ရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံသုံးစွဲမှုစာရင်းများကိုငါးဖမ်းကိရိယာလိုင်စင်အရအသုံး မှတ်ပုံတင် ပုံစံ(၁၇)ဖြင့် စနစ်တကျ ထိန်းသိမ်း ထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားရှိမှု မှတ်ပုံတင်ပုံစံ(၁၈)တွင် အချက်အလက်များကိုပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း ပုံစံ(၁၉)ကိုပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး၊ခရိုင်ဦးစီးဌာနသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင် ကို ရုံးလက်ခံအဖြစ် ထားရမည်။

၄၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) ယခင်လလချုပ်စာရင်းမှ လက်ကျန်အဖြစ် ဖော်ပြထားသည့်ငွေများ နှင့်လက်ခံရရှိသည့် လချုပ်စာရင်းတွင်ဖော်ပြထားသော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီမှန်ကန်မှုရှိမရှိ စစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီးရုံးမှ ပေးပို့ ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှုရှိမရှိစစ်ဆေးရမည်။

(ဂ) လိုင်စင်ခများဘဏ်သို့ပေးသွင်းခြင်းရှိမရှိ၊တိုင်းဒေသကြီးရုံးရှိစာရင်းနှင့်တိုက်ဆိုင် စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေးသွင်းပြီးသည့်ငွေကိုလည်းကောင်း၊ တိုင်းဒေသကြီးရုံးရှိ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစု ထားရမည်။

(င) နည်းဥပဒေခွဲ(က) မှ နည်းဥပဒေခွဲ (ဂ)ပါ စစ်ဆေးရမည့် လုပ်ငန်းတာဝန် များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၆)

## နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၄။ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံ(၂၀)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းပြီး တိုင်းဒေသကြီးဦးစီးမှူးထံ လျှောက်ထားရမည်။

၄၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ၄၄အရလျှောက်လွှာ လက်ခံရရှိပါက စိစစ်ပြီး ခွင့်ပြုသင့်သည်ဟုယူဆလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပေးဆောင်စေသင့်သည့် နိုင်ငံခြားငွေအမျိုးအစားနှင့်ဈေးနှုန်းတို့ကိုဖော်ပြပြီး ဝန်ကြီးထံတင်ပြရမည်။

၄၆။ ဝန်ကြီးသည် နည်းဥပဒေ၄၅အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် လျှောက်လွှာကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၇။ ဝန်ကြီးက နည်းဥပဒေ၄၄အရ လျှောက်ထားလာသည့် လျှောက်လွှာနှင့် စပ်လျဉ်း၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အင်းခွန် သို့အဟုတ် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ပေးရမည်-

(က) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သောငါးနှစ်ပျမ်းမျှဈေးနှုန်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ယခင်နှစ်ဈေးနှုန်း၊

(ဂ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ပျက်စီးတိမ်ကောခြင်းရှိမရှိ။

၄၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ၄၇အရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အတွက် သတ်မှတ်ထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းနိုင်စေရန် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ညွှန်ကြားရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့်လိုင်စင်ခ လက်ခံရရှိလျှင် သက်ဆိုင်ရာအငှားဂရန်ပုံစံ(၆) သို့မဟုတ် တင်ဒါလိုင်စင် ပုံစံ(၁၂) ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးသည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

## အခန်း(၇)

## ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄၉။ ဦးစီးဌာနကခွင့်ပြုထားသည့် မည်သည့်ငါးလုပ်ငန်းတွင်မဆို အချိန်ပိုင်း၊ အချိန်ပြည့် လုပ်ကိုင်မည့်ရေလုပ်သားသည် သက်ဆိုင်ရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများတွင် ရေလုပ်သား မှတ်ပုံတင်ကတ် လျှောက်လွှာ ပုံစံ(၂၀) ဖြင့် လျှောက်ထားရမည်။

၅၀။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ ၄၉အရ လျှောက်လွှာလက်ခံရရှိလျှင် ကိုယ်ရေးအချက်အလက်များကို စစ်ဆေး ပြီး ခရိုင်ဦးစီးမှူး၏ အတည်ပြုချက်ဖြင့် ရေလုပ်သားမှတ်ပုံတင်ကတ် ထုတ်ပေးရမည်။

(ခ) ရေလုပ်သားမှတ်ပုံတင်ကတ်များကိုသုံးနှစ်တစ်ကြိမ် အသစ်လျှောက်ထားလဲလှယ် ပေးရမည်။

(ဂ) အသစ်လဲလှယ်လျှောက်ထားခြင်းမရှိသည့် ရေလုပ်သားမှတ်ပုံတင်ကတ်များကို ဦးစီးဌာနသို့ ပြန်လည်အပ်နှံစေရမည်။

(ဃ) ရေလုပ်သားမှတ်ပုံတင်ထုတ်ပေးသည့်စာရင်းကို ခရိုင်နှင့် တိုင်းဒေသကြီးရုံးများ သို့ လစဉ်ပေးပို့တင်ပြရမည်။

## အခန်း (၈)
## မိတ္တူ လျှောက်ထားခြင်း

၅၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်၊ ရေလုပ်သားမှတ်ပုံတင်ကတ် ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့် နေ့မှ ရက်ပေါင်း၃၀ အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၂။ (က) သက်ဆိုင်ရာဦးစီးဌာနမှူးသည် နည်းဥပဒေ၄၉အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီးမှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ ၃၀၀၀၀ကျပ်ကို လည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ ၂၀၀၀၀ကျပ်ကို လည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက်ဒဏ်ကြေးငွေ ၅၀၀၀ကျပ်ကို လည်းကောင်း၊ ရေလုပ်သားမှတ်ပုံတင်ကတ်အတွက် ဒဏ်ကြေးငွေ ၂၀၀၀ကျပ်ကို လည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကို ထုတ်ပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် နည်းဥပဒေခွဲ(က)အရ သက်ဆိုင်ရာ မိတ္တူကို ရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းပြန်လည်တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

## အခန်း (၉)

## အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၃။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန်ကို မသမာသောနည်းဖြင့်လည်းကောင်း၊ တရားမဝင်သောနည်းဖြင့်လည်းကောင်း လေလံဆွဲဝယ်မှုမပြုခြင်း၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက အငှားဂရန်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ ဂရန်အင်းနှင့် စပ်လျဉ်း၍ ကျန်ရှိသည့်ငါးဖမ်းရာသီအတွက် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုများကို ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့်ဂရန်အင်း၏အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင်ဆောင်ရွက် သကဲ့သို့ တာဝန်ခံခြင်း၊

(ဃ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို ဝါဆိုလပြည့်ကျော်၁ရက်နေ့ မတိုင်မီ ချထားခြင်းမပြုရ။ သို့ရာတွင် ဖော်ပြပါဆည်များကို တပေါင်းလပြည့်ကျော် ၁ရက် နေ့တွင် ကုန်စင်အောင် ဖယ်ရှားထားခြင်း၊

(စ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည်ဖြင့် လုပ်ကိုင် ရာတွင် ချောင်း၊ မြောင်းများ၌ လှေသွားလာနိုင်ရန် လမ်းထားရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည် အောက်ပိုင်းရှိ ဂရန်အင်းအတွင်းစီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံလာ လျှင် အထက်ပိုင်းရှိအငှားဂရန်ရရှိသူက တပေါင်းလကုန်အထိ ဆည်များ တားဆီး ၍ ပိတ်ထားခြင်း၊

(ဇ) အထက်ပိုင်းရှိ ဂရန်အင်းနှင့်အောက်ပိုင်းရှိဂရန်အင်း ရေစီးရေလာဆက်စပ်နေပါက အထက်ပိုင်းမှအောက်ပိုင်းသို့လာသောငါးများဖမ်းဆီးရန်အထက်ပိုင်းရှိ ဂရန်အင်း တွင် အဝချုပ်ဆည်ကို အသုံးပြုခွင့်မရှိခြင်း၊

(ဈ) ဂရန်အင်းအတွင်းမှဒိုက်၊မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင် နတ်တော်လပြည့်နေ့ မတိုင်မီ ရေကြောင်းလမ်းမှ မျှောချရှင်းလင်းခြင်း၊ ကြွင်းကျန်နေသည့် ဒိုက်၊ မှော်တို့ကို ပြာသိုလပြည့်နေ့ မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ တပို့တွဲ လပြည့်နေ့မတိုင်မီ အကုန်အစင် ဖျက်ဆီး ဖယ်ရှားခြင်း၊

(ည) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက် စသည်တို့ကို နှစ်စဉ် တပေါင်းလပြည့်ကျော် ၁ရက်နေ့တွင် အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းခြင်း၊

(ဋ) ဘုန်းကြီးကျောင်းပရဝုဏ်မှ ကိုက် ၁၀၀ အတွင်းငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ဌ) ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများ၊ နည်းလမ်းများဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်း မပြုရ -

(၁) လက်ဆည်နှင့်ကတက်တုံးများ အပါအဝင်ဖြစ်သော

ဆည်တမံတာရိုးအမျိုးမျိုး၊ ငုင်းပြင်မြင်းဝန်းဆည်သို့မဟုတ်အခြားဆည်များ၊ အောက်ခြေတွင်မြေနှင့်ဖြစ်စေ၊ ဖျာရိုင်များနှင့်ဖြစ်စေသို့မဟုတ် အခြားကိရိယာများနှင့်ဖြစ်စေ ပြုလုပ်ထားသော တမံများ၊

(၂) ထူးများ၊တုတ်များဖြင့်ရေထုတ်ခြင်းမှတပါး အခြားနည်းဖြင့် ရေထုတ်ခြင်း၊

(၃) ငါးများခိုအောင်းနေစေရန် ဒိုက်၊ မှော်၊ ချုံ၊ သစ်ကိုင်း၊ ဂတုံး၊ တောင်း ကဲ့သို့ အလားတူ အရာများချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင်အထုံးတစ်ခု နှင့် တစ်ခုအကြား ၃/၄လက်မ အောက်လျော့သည့်ပိုက်များ၊

(၅) ငါးကြီးတွင်းများ၊

(၆) ဂုန်နီ၊ ပိတ်စ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည်၊ စသည်တို့ဖြင့် ရေလမ်း ကြောင်း ပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းခြင်း၊

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေ တတ်သော အခြားပစ္စည်းများ အသုံးပြု၍ငါးဖမ်းခြင်း။

(ဍ) ဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၄။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဂရန်အင်းအစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦး သို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်း ကောင်း ထပ်ဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း၃၀အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီးယင်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်း ချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည် ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီချထားခြင်း၊

(ဃ) အထက်ဆည်နှင့် အောက်ဆည် ရေစီးရေလာ ဆက်စပ်နေပါက အထက်ဆည်၏ အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်းရေပြင်ကို အောက်ဆည် အငှားဂရန် ရရှိသူကပိုင်ဆိုင်ခွင့်ရှိခြင်း၊

(င) တောချဆည်နှင့် မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက နည်းဥပဒေ၅၆၊ နည်းဥပဒေခွဲ(ဆ)နှင့်အညီ ပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိအငှားဂရန်ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက ဂရန်အင်းကိုဆက်လက် လုပ်ကိုင်ခြင်းမရှိလျှင် အောက်ပိုင်းရှိအငှားဂရန် ရရှိသူက ကျန်ရှိသောငါးလုပ်ငန်း ရာသီ အတွက် အထက်ပိုင်းရှိဂရန်အင်းကို ကျသင့်သောအခွန်အခ ပေးဆောင်၍ လုပ်ကိုင်ခွင့် ရှိခြင်း၊

(စ) သီးသန့်အင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် အထက်ပိုင်းရှိ ဂရန်အင်းတွင်အဝချုပ်ဆည်ကို တပေါင်းလကုန်အထိ အသုံးပြုခွင့် ရှိခြင်း၊

(ဆ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန်အင်းနှစ်ခုအကြား အမြဲတန်း တားဆီး၍ ပိတ်ထား သည့် ယင်းတန်းများ ချထားခွင့် မရှိခြင်း၊

(ဇ) ဂရန်အင်းများတွင် တောချဆည်နှင့် အဝချုပ်ဆည်များအပြင် အောက်ပါ ငါးဖမ်းကိရိယာများကို အသုံးပြုနိုင်ခြင်း -

(၁) ထောင်ချောက်များ(ထောင်ချောက်၏အစိပ်အကျဲတွင်တစ်ခု နှင့်တစ်ခုသည် ၂လက်မ အောက်လျော့နည်းပါက ဖမ်းဆီးခွင့်မရရှိစေရ)

(၂) ဂျမ်းများ

(၃) ဘဝန်းများ (၎င်းဘဝန်းများအတွင်း ကိုင်းရိုးများကို ရေအောက်မြေပေါ်၌ စိုက်ထားနိုင်သည်၊ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့် ရာသီဥတု ကုန်ဆုံးသည့်အခါ ဖယ်ရှား ရမည်)

(၄) ပိုက်သီသောကြိုးတစ်လျှောက် တိုင်းတာလျှင် အထုံး တစ်ခု နှင့်တစ်ခုကြား ပိုက်ကွက် $\frac{၁}{၄}$ လက်မအောက် မလျော့သော ပိုက်ကွန်များ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) မြင်းဝန်းဆည်များ၊

(ဈ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤနည်းဥပဒေများတွင်သီးခြား ပြဋ္ဌာန်းထားခြင်း မရှိလျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံ နှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ည) တိုင်းဒေသကြီး၏အကျိုးငှာ လိုအပ်၍အငှားဂရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

**အခန်း (၁၀)**

**တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ**

၅၅။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာ တစ်ခုခုကို အသုံးပြုပြီးပါက ရေစီး ရေလာကို အနှောက်အယှက် မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များ သွားလာမှုကို အနှောက်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်းရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဂ) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ဒါလိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် တင်ဒါငါးဖမ်းကွက်ကို ချိတ်ပိတ်တင်ဒါ ပြန်လည်ချ ထားရာတွင် မူလချထားသည့်တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှု မှန်သမျှကို ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဃ) ဘုန်းကြီးကျောင်းပရဝုဏ်မှကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(င) ဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၆။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီး၏အကျိုးငှာ လိုအပ်၍တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက် လုပ်ကိုင်မည့် အမွေစားအမွေခံသို့မဟုတ် အမွေစားအမွေခံ တို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း၃၀အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးကစိစစ်ပြီး ၎င်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့် ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း။

## အခန်း (၁၁)

## ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၇။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောက်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်သွားလာမှု ကို အနှောက်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင်မီးဖြင့် လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

## အခန်း (၁၂)

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်ဥပဒေပုဒ်မ၂၀၊ပုဒ်မခွဲ(က)ပါလုပ်ပိုင်ခွင့်အရအောက်ပါ တို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်း ရေပြင်အမျိုးအစားအသစ်သတ်မှတ်ခြင်း၊ သို့မဟုတ် ပြောင်းလဲ သတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ် သည့် ဧရိယာကိုတစ်ပါတည်း သတ်မှတ်ပေးခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲ သတ်မှတ်ခြင်း၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင် အမျိုးအစားအဖြစ် ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးခြင်း။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၁၊ပုဒ်မခွဲ(က)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏တာဝန်ဖြင့် ထပ်မံအငှားချထားနိုင်ရန် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၆၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၁၊ပုဒ်မခွဲ(ခ)အရ အရေးယူ သည့်ကိစ္စတွင် ဝန်ကြီးထံတင်ပြ၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင် သည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင် ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထား လာပါက စိစစ်ပြီးလွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချ ပေးခြင်း။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဂ) အရ အရေးယူသည့်ကိစ္စတွင် ဝန်ကြီးထံတင်ပြ၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကလျှောက်ထားလာပါက စိစစ်ခွင့်ပြု ခြင်း၊ ယင်းသို့ခွင့်ပြုပါကခံဝန်ငွေပမာဏနှင့်ပေးသွင်းရမည့်နေရာဒေသ သတ်မှတ် ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါကငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို လျှောက်ထား သူအား ပြန်လည်ပေးအပ်ထားခြင်းသို့မဟုတ်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့် ပြုခြင်း။

၆၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဃ)အရ အရေးယူသည့်ကိစ္စတွင် ဝန်ကြီးထံတင်ပြ၍ အောက်ပါအတိုင်း ဆောင်ရွက် နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ငါးဖမ်းကိရိယာနှင့်အခြားသက်သေခံပစ္စည်းများကိုသင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့်အခြား ကျသင့်ငွေများ ကို ပေးဆောင်ရန်ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့်အခြား ကျသင့်ငွေများ ကို သတ်မှတ်သည့်ရက် ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံ ပေးဆောင် စေခြင်း၊

(င) ပိုင်ရှင်သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေး ပေးသွင်းခြင်း မပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကအယူခံဝင်ရောက်လျှင် အယူခံ တွင် ချမှတ်သည့်အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ၁၅၊ နည်းဥပဒေခွဲ(ဃ)နှင့် နည်းဥပဒေ၃၂၊ နည်းဥပဒေခွဲ(ခ) တို့အရ ရောင်းချ၍မရသော ဂရန်အင်းသို့မဟုတ် တင်ဒါ ငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်နိုင်ရန် တင်ပြလာသည့် ကိစ္စတွင် အောက်ပါအချက်များအပေါ်အခြေခံ၍စိစစ်ပြီး တင်ပြသည့် ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်း ပြင်ဆင်သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များချမှတ် ခြင်းတို့ကို ပြုလုပ်နိုင်သည် -

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန် ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော ၅ နှစ်ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ် ဈေးနှုန်း၊ ယခုနှစ် ဈေးနှုန်း။

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်မှငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများမပျက်စီး၊ မပြုန်းတီးစေရန် အစီအမံများချမှတ် ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၆၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထားသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနရှိ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၁၃)
## ပြန်အမ်းငွေလျှော့ထားခြင်း၊ ထုတ်ပေးခြင်း

၆၆။ အငှားဂရန်သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် တိုင်းဒေသကြီး၏အကျိုးငှာ လိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာလျှင်သော်လည်းကောင်း အငှားဂရန်၊ တင်ဒါလိုင်စင်ကိုဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ သို့မဟုတ် ငါးထုတ်လုပ်မှုကိုထိခိုက်နစ်နာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိမိပေးသွင်းထားသောအင်းခွန် သို့မဟုတ် တင်ဒါကြေးများပြန်အမ်းငွေကိုပြန်လည်ထုတ်ပေးရန်

အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည် -

(က) တိုင်းဒေသကြီး၏အကျိုးငှာလိုအပ်၍ အင်္ဂါးဂရန်သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်ကိစ္စဖြစ်လျှင် ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အင်္ဂါးဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့်ငါးဖမ်းရရှိမှုအခြေအနေနှင့်လုပ်ငန်းအခြေအနေတင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့်ထောက်ခံချက်များ။

၆၇။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ၆၆အရ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာကိုလက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့်အချက်များ မှန်ကန်မှု ရှိမရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှု စစ်ဆေးရမည်။

၆၈။ အင်္ဂါးဂရန်သို့မဟုတ် တင်ဒါလိုင်စင် ရရှိသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ -

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးဖမ်းကိရိယာများ ရေမျောပါသွားခြင်း၊

(ခ) နုံးမြေများတင်လာ၍ ဂရန်အင်းများပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်းအဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒ ပစ္စည်း သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း။

၆၉။ ခရိုင်ဦးစီးဌာနမှူးသည်ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲကို စိစစ်ပြီး -

(က) မိမိထုတ်ပေးပိုင်ခွင့်ရှိသောပြန်အမ်းငွေပမာဏဖြစ်လျှင် ပြန်အမ်းငွေ ပြန်လည် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(ခ) မိမိထုတ်ပေးပိုင်ခွင့်မရှိသောပြန်အမ်းငွေပမာဏဖြစ်လျှင် သဘောထားမှတ်ချက် နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူး သို့မဟုတ် ဝန်ကြီးထံ အဆင့်ဆင့် တင်ပြ ရမည်။

၇၀။ ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ၆၉၊ နည်းဥပဒေခွဲ(ခ) အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၇၁။ (က) ခရိုင် သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီချက် ရရှိပါက ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ငြင်းပယ်လျှင် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၇၂။ ခရိုင် သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည်ပြန်အမ်းငွေပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနနှင့် ဝန်ကြီးထံ အဆင့်ဆင့် တင်ပြရမည်။

၇၃။ ဝန်ကြီးသည် ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့်ရှိသူများ၏ ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့် ငွေပမာဏကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

## အခန်း(၁၄)

## အထွေထွေ

၇၄။ ဦးစီးဌာနသည်အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေပုဒ်မ၆၀အရ အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း တို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏သဘောထားမှတ်ချက် ရယူရမည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့်တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၇၅။ ဦးစီးဌာနသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက် မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၇၆။ ဦးစီးဌာနသည် နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များ ပါဝင်သော အစီရင်ခံစာတစ်စောင်ကို ဝန်ကြီးဌာနသို့ ရက်ပေါင်း ၉၀ အတွင်း တင်ပြရမည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင်အငှားချထားမှုအခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊

(ဃ) ဥပဒေအရအရေးယူဆောင်ရွက်မှုအခြေအနေ၊

(င) ဥပဒေအရအရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှုအခြေအနေ၊

(စ) နောင်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် ရေးဆွဲမှုအခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှုအခြေအနေ။

၇၇။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ခေတ်မီနည်းပညာစာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသန စာတမ်းများ ဖတ်ကြားခြင်း တို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၇၈။ (က) ဥပဒေပုဒ်မ၃ဂအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်လျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ၂၄၊ ပုဒ်မခွဲ(က)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလျှင်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာ လက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ သက်ဆိုင်ရာအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသမှ ခုနစ်ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ၃၆အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်း ခံရမည်။

၇၉။ ဦးစီးဌာနသည် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင် သောကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန်နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့် အညီခွင့်ပြုခြင်း ပြုနိုင်သည်။

၈၀။ ဦးစီးဌာနသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ် အတိုင်းအတာ သတ်မှတ်ရာတွင် -

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာ ဖော်ပြရမည်။

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက ဥပဒေပုဒ်မ ၆၄ အရ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အစိုးရဌာနများနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားခြင်း မရှိလျှင် ယခင်က လုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်းဖြစ်ရမည်။

၈၁။ ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ရာဇဝတ် ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

**ဝန်ကြီး**

**စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

စာအမှတ်၊

ရက် စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ( ၄ ) ရက်

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------မြို့

လေလံကြော်ငြာ

[ နည်းဥပဒေ ၅ (ခ) ]

ရက်စွဲ၊

အများသိစေရန်ကြေညာလိုက်သည်။

---------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသောဂရန်အင်းများအား ( ) ခုနှစ်၊ ( ၁၃ ) ခုနှစ် ငါးလုပ်ငန်းရာသီ အတွက် ဈေးပြိုင် စနစ်ဖြင့် လေလံတင် ရောင်းချမည် ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ခုနှစ်၊ လ၊ ရက် (၁၃ ခုနှစ် ၊ လ ၊ ရက် ) နေ့ နံနက် ( ) နာရီ အချိန်တွင် ပူးတွဲဖော်ပြပါ လေလံ စည်းကမ်းချက်များ နှင့်အညီ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------------------- မြို့နယ်

ပုံစံ (၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

[ နည်းဥပဒေ ၆ ]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------------------- မြို့

ရက်စွဲ၊

အကြောင်းအရာ။ ။**<u>ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း</u>**

ကျွန်တော်/ကျွန်မဦး/ဒေါ်---------------------သည်ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေး ပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်

၃။ အဘအမည်၊

၄။ နေရပ် ၊

၅။ အလုပ်အကိုင်
(ယခင်နှစ်ကအငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့်အချက်များမှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စု

နေ့စွဲ၊

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------မြို့

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

[ နည်းဥပဒေ ၉(က) ]

**အမှတ်စဉ် -** /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ လေလံဆွဲဝယ်ယူခွင့်ပြုသည့် ဂရန်အင်းအမည်၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------------- မြို့နယ်

နေ့စွဲ၊

ပုံစံ (၄)

ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ
[ နည်းဥပဒေ ၁၃(က) ]

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊

------------------- ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည် -
ဂရန်အင်း၏တည်ရှိနေရာ -
ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -
လေလံတင်ရောင်းချသည့်နေရာ -

**ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်**

| **နှစ်** | **အငှားဂရန်ရရှိသူ** | **အင်းခွန်** |
|---|---|---|

**ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး**
**လေလံဆွဲဝယ်ကြသူများ**

| **စဉ်** | **လေလံဆွဲဝယ်ခွင့်ရရှိသူအမည်/ မှတ်ပုံတင်အမှတ်** | **ပေးသွင်းသည့်အင်းခွန်ငွေ** (ဂဏန်းဖြင့်) | (စာဖြင့်) |
|---|---|---|---|

ယခုသတ်မှတ်သည့်အင်းခွန် -
အငှားဂရန်ရရှိသူအမည် -
မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ (၅)

## ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ

[ နည်းဥပဒေ ၁၄(က) ]

------------------ ခုနှစ်

------------------------- ပြည်နယ်/တိုင်း

------------------------ခရိုင်၊ -------------------------- မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ၊

ဂရန်အင်းလေလံတင်ရောင်းရေးအဖွဲ့တွင် ပါဝင်သူများ၊

| စဉ် | ဂရန်အင်းအမည်<br>နှင့်ဆွဲဝယ်သူ | ၅<br>နှစ်ပျမ်းမျှဈေး | ယခင်နှစ်ဈေး | ယခုနှစ်လေလံဈေး | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
အငှားဂရန်

[ နည်းဥပဒေ ၁၄(ခ)၊ ၁၈(ခ)၊ ၄၈(ခ) ]

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ၏ --------------- နေ့စွဲပါစာအမှတ် ------------------- ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အငှားဂရန်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည် ၊
၂။ အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
၃။ နေရပ်လိပ်စာ၊
၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့် မြို့နယ်၊
၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊
၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊
၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့် အရစ်၊ ငွေပမာဏနှင့်ပေးဆောင်ရမည့်နေ့၊
၈။ အင်းခွန် -------------- ကို -------------- မြို့ မြန်မာ့စီးပွားရေးဘဏ်(     )နေ့စွဲပါ ချလံအမှတ်(     ) အရငွေပြေ ပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
-------------------- မြို့

ရုံးတံဆိပ်
နေ့စွဲ၊

ပုံစံ (၇)

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
---------------------- မြို့

တင် ဒါ ကြော် ငြာ
[ နည်းဥပဒေ ၂၁ (ခ)၊ (င) ]

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်
အများသိစေရန်ကြေညာလိုက်သည်။

---------------------မြို့အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါ ငါးဖမ်းကွက်များအား (၂၀ - ၂၀ )ခုနှစ်၊ (၁၃ ) ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ် ၊ လ ရက်) နေ့နံနက် ( ) နာရီ အချိန်တွင် ဖော်ပြပါ တင်ဒါစည်းကမ်းချက်များ နှင့်အညီ တွင်အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း ရမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
----------------------- မြို့နယ်

ပုံစံ (၈)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

( နည်းဥပဒေ ၂၂ )

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------------ မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။**<u>တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း</u>**

ကျွန်တော်/ကျွန်မ ဦး/ဒေါ် ---------------------------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်

၃။ အဘအမည်၊

၄။ နေရပ် ၊

၅။ အလုပ်အကိုင်
(ယခင်နှစ်ကတင်ဒါလိုင်စင်ရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက် အမည် ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့်အချက်များမှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စု

နေ့စွဲ၊

**ပုံစံ (၉)**

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

[ နည်းဥပဒေ ၂၅(က) ]

**အမှတ်စဉ် – /**

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး (ဂဏန်းဖြင့်)
(စာဖြင့်)

မြို့နယ်ဦးစီးဌာနမှူး

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်း မပြုပါ။

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ (၁၀)

တင်ဒါငါးဖမ်းကွက်ရောင်းခြင်းအမှုတွဲ

[ နည်းဥပဒေ ၃၀(က) ]

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊

---------------- ခုနှစ်၊

တင်ဒါငါးဖမ်းကွက်အမည် -

တင်ဒါငါးဖမ်းကွက်တည်ရှိနေရာ -

တင်ဒါချထားသည့်နေ့ -

**ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့် တင်ဒါကြေး**

| **နှစ်** | **တင်ဒါလိုင်စင်ရရှိသူ** | **တင်ဒါကြေး** |
|---|---|---|

**ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီးတင်ဒါသွင်းကြသူများ**

| **စဉ်** | **တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူအမည်/ မှတ်ပုံတင်အမှတ်** | **တင်ဒါကြေး** (ဂဏန်းဖြင့်) | (စာဖြင့်) |
|---|---|---|---|

ယခုသတ်မှတ်သည့်တင်ဒါကြေး -

တင်ဒါလိုင်စင်ရရှိသူအမည် -

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

**ပုံစံ (၁၁)**

**တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ**

[ နည်းဥပဒေ ၃၁(က) ]

------------------------- ပြည်နယ်/တိုင်းဒေသကြီး

------------------------ခရိုင်၊ -------------------------- မြို့နယ်

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

တင်ဒါချထားသည့်နေ့စွဲ ၊

တင်ဒါချထားသည့်နေရာ ၊

တင်ဒါချထားရေးအဖွဲ့တွင်ပါဝင်သူများ၊

| စဉ် | တင်ဒါငါးဖမ်းကွက် အမည်နှင့်ဆွဲဝယ်သူ | ၅ နှစ်ပျမ်းမျှဈေး | ယခင်နှစ်ဈေး | ယခုနှစ်တင်ဒါဈေး | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ (၁၂)

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

**တင်ဒါလိုင်စင်**

[ နည်းဥပဒေ ၃၁(ခ)၊ ၁၈(ခ)၊ ၄၈(ခ) ]

လိုင်စင်အမှတ်

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ -----------------နေ့စွဲပါစာအမှတ် ------------------- ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ တင်ဒါလိုင်စင်ကို ပူးတွဲပါ စည်းကမ်း ချက်များနှင့်အညီ ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည် ၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ နေရပ်လိပ်စာ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တင်ဒါငါးဖမ်းကွက်အမည်နှင့် မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့် အတိုင်းအတာ၊တင်ဒါကြေးနှင့် လိုင်စင်ခ -------------------ကို --------------- နေ့စွဲပါချလံအမှတ် ( ) ဖြင့် -------------------ဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

-------------------- မြို့

ရုံးတံဆိပ်

နေ့စွဲ၊

**ပုံစံ (၁၃)**

**ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ**

**[ နည်းဥပဒေ ၃၄]**

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------------ မြို့

ရက်စွဲ ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။<u>ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း</u>

၁။ လျှောက်ထားသူအမည်

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ၊

| ငါးဖမ်းကိရိယာအမည် | အတိုင်းအတာ | အရေအတွက် |
|---|---|---|
| (က) အလျား | | |
| (ခ) အနံ | | |
| (ဂ) စောက် | | |
| (ဃ) ထိပ်ဝ | | |
| (င) အခြား | | |

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊

လျှောက်ထားသူလက်မှတ်

# ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း

[ နည်းဥပဒေ ၃၅ (က) ]

ပြည်နယ်/ တိုင်း၊ ------------------------- ခရိုင်၊------------------------- မြို့နယ်

| စဉ် | လိုင်စင်လျှောက်ထားသူ အမည်နှင့်အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | နေရပ် လိပ်စာ | ရုံး သုံး အမည် | ငါးဖမ်းကိရိယာ | | | | | နေရာ | လိုင်စင်ခ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဇယားပါ အမှတ်စဉ် | ဒေသ အခေါ် | ခွင့်ပြုသည့်အများဆုံး အတိုင်းအတာ | | | | | |
| | | | | | | အလျား | အနံ | စောက် | | | |
| | | | | | | | | | | | |

ရက်စွဲ၊

လိုင်စင်မလျှောက်ထားသော်လည်းလုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်

မြို့နယ်ဦးစီးဌာနမှူး

**ပုံစံ (၁၅)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

**ငါးဖမ်းကိရိယာလိုင်စင်**

[ နည်းဥပဒေ ၃၆(က)]

(လိုင်စင်တန်ဖိုးသည်　　　　　　　ကျပ်ဖြစ်သည်။)

မြို့နယ်–　　　　　　ခုနှစ်၊　　　　　အမှတ်စဉ်

လိုင်စင်ရရှိသူအမည်–

အမျိုးသားမှတ်ပုံတင်အမှတ်–

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–

နေရပ်လိပ်စာ–

ကိရိယာရုံးသုံးအမည် –

ဒေသအခေါ်အဝေါ် –

ကိရိယာအတိုင်းအတာ –

နေရာ –

အထူးကန့်သတ်ချက်များ –

**မှတ်ချက် –** ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ / အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့်လှေတစ်စင်း အတွက် လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည်　　　　　**နေ့တွင်သက်တမ်းကုန်ဆုံးသည်။**

မြို့နယ်ဦးစီးဌာနမှူး

**ပုံစံ (၁၅)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

**ငါးဖမ်းကိရိယာလိုင်စင်**

[ နည်းဥပဒေ ၃၆(က)]

(လိုင်စင်တန်ဖိုးသည်　　　　　　　ကျပ်ဖြစ်သည်။)

မြို့နယ်–　　–　　　　ခုနှစ်၊　　　　　အမှတ်စဉ်

လိုင်စင်ရရှိသူအမည်–

အမျိုးသားမှတ်ပုံတင်အမှတ်–

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–

နေရပ်လိပ်စာ–

ကိရိယာရုံးသုံးအမည် –

ဒေသအခေါ်အဝေါ် –

ကိရိယာအတိုင်းအတာ –

နေရာ –

အထူးကန့်သတ်ချက်များ –

**မှတ်ချက် –** ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ / အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့်လှေတစ်စင်း အတွက် လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည်　　　　　**နေ့တွင်သက်တမ်းကုန်ဆုံးသည်။**

မြို့န　　　　　မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၆)

# ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[ နည်းဥပဒေ ၃၆ (ခ) ]

-------------------- ခရိုင်၊ ------------------- မြို့နယ်

| စဉ် | လိုင်စင်ရရှိသူအမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | လိုင်စင်အမှတ်စဉ်အမှတ် | လိုင်စင်ထုတ်ပေးသည့်အမှတ် | ငါးဖမ်းကိရိယာအမျိုးအစားနှင့်အမှတ်စဉ် | ငါးဖမ်းကိရိယာအတိုင်းအတာ | လိုင်စင်ခ | ထုတ်ပေးထားသည့်လိုင်စင်ပုံစံတန်ဖိုးနှင့်ရွက်ရေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

ပုံစံ (၁၇)

# ငါးဖမ်းကိရိယာလိုင်စင်အရ အသုံးမှတ်ပုံတင်

[ နည်းဥပဒေ ၄၁ (က) ]

------------------------ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန                    လိုင်စင်တန်ဖိုး –

| စဉ် | လက်ခံရရှိသည့်နေ့ | ရွှက်ရေ | တန်ဖိုး | အသုံးပြုသည့်နေ့ | ရွှက်ရေ | တန်ဖိုး | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

# ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[ နည်းဥပဒေ ၃၆ (ခ) ]

------------------------- မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

| စဉ် | လိုင်စင်ရရှိသူအမည် | အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | လိုင်စင်အမှတ်စဉ် | လိုင်စင်ထုတ်ပေးသည့်နေ့စွဲ | ငါးဖမ်းကိရိယာအမျိုးအစား | ငါးဖမ်းကိရိယာအတိုင်းအတာ | ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထား | ထုတ်ပေးထားသည့်လိုင်စင်ပုံစံတန်ဖိုးနှင့်ရွက်ရေ | လိုင်စင်ခရရှိသည့်နေ့ရက် | ဘဏ်သို့ပေးသွင်းသည့်နေ့ရက်နှင့်ချလံ | ငါးဖမ်းခွင့်ပြုသည့်နေရာဒေသ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | | | | | | | | |

ပုံစံ (၁၉)

# ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[ နည်းဥပဒေ ၄၂ ]

------------------------- မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန                                   လိုင်စင်တန်ဖိုး –

| စဉ် | လက်ခံရရှိသည့်နေ့ | ရွက်ရေ | တန်ဖိုး | | စဉ် | ယခင်လလက်ကျန် | ယခုလအသုံးပြုသည့်နေ့ | လိုင်စင်ရရှိသူအမည်၊ အမျိုးသားမှတ်ပုံတင် / နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ | ငါးဖမ်းကိရိယာ အမျိုးအစားနှင့် အတိုင်းအတာ | လိုင်စင်ခ | ထုတ်ပေးသည့် လိုင်စင်ပုံစံ ရွက်ရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၂၀)

# ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်လွှာ

[ နည်းဥပဒေ ၄၉ ]

ဓါတ်ပုံ

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------------------မြို့

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။ **ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ မွေးသက္ကရာဇ်၊

၅။ အလုပ်အကိုင်၊

၆။ ကိုယ်တွင်ထင်ရှားသည့်အမှတ်အသား၊

၇။ နေရပ်လိပ်စာ၊

၈။ ကျွန်တော်/ကျွန်မသည် ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထား လုပ်ကိုင်ရာတွင် ငါးလုပ်ငန်းဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာလုပ်ကိုင်မည် ဖြစ်ပါသည်။

မှတ်ချက်။ ဤရေလုပ်သားမှတ်ပုံတင်ကတ်သည် ရေလုပ်သားအဖြစ် အသိအမှတ်ပြုခြင်းသာ ဖြစ်ပြီး ငါးဖမ်းဆီးခွင့်လိုင်စင် ခွင့်ပြုပေးခြင်းမဟုတ်ပါ။

လျှောက်ထားသူလက်မှတ်

ပုံစံ (၂၁)

**ပြည်ပနေ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ**
**ရေချိုငါးလုပ်ငန်းရေပြင်တွင်**
**ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ**

[နည်းဥပဒေ ၄၄]

သို့

တိုင်းဒေသကြီးဦးစီးဌာနမှူး
ငါးလုပ်ငန်းဦးစီးဌာန

ရက်စွဲ၊

၁။ လျှောက်ထားသူအမည် / အဖွဲ့အစည်းအမည်၊

၂။ နိုင်ငံကူးလက်မှတ်အမှတ်/ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ်၊

၃။ နေရပ်လိပ်စာ/ အဖွဲ့အစည်းတည်နေရာ၊

၄။ လုပ်ကိုင်လိုသည့်ငါးလုပ်ငန်းအမျိုးအစား၊
(က) ဂရန်အင်း၊ (ခ) တင်ဒါငါးဖမ်းကွက်၊ (ဂ) အခြား

၅။ လုပ်ကိုင်လိုသည့်နေရာဒေသ၊ ----------------------------------
– ----------------------------------

၆။ လုပ်ကိုင်ရာတွင် အသုံးပြုမည့်ကိရိယာ (ရှိခဲ့လျှင်)၊
(က) အမျိုးအစား၊ (ခ) ဦးရေ ၊ (ဂ) (ဃ)

၇။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုပမာဏ၊

လျှောက်ထားသူ
တာဝန်/အဆင့်